# ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး၏ မူအရ
## ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်း, လည်ပုံ, ဖြတ်ပုံ, ဒေသနာ



လက်ာဆောင်ပုဒ်

မူလနစ်ဖြာ, သစ္စာနစ်ခု, လေးခုအလွှာ, အင်္ဂါတစ်ဆယ့်နစ်ပါး တရားကိုယ်များနှင့်, သုံးပါးအစပ်, နစ်ရပ်မူလ, ဝဋ်သုံးဝနှင့်, ကာလသုံးဖြာ, ခြင်းရာနစ်ဆယ်၊ ဤရှစ်သွယ်ကို၊ အလွယ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်းတည်း။

## ရှင်းလင်းချက်

| | |
|---|---|
| ၁။ မူလနှစ်ဖြာ ဆိုသည်မှာ | အဝိဇ္ဇာနှင့် တဏှာ |
| ၂။ သစ္စာနှစ်ခု ဆိုသည်မှာ | သမုဒယသစ္စာ နှင့် ဒုက္ခသစ္စာ |
| ၃။ လေးခုအလွှာ ဆိုသည်မှာ | ၁။ အကွက် - အတိတ်အကြောင်းတစ်လွှာ<br>၂။ အကွက် - ပစ္စုပ္ပန်အကျိုးတစ်လွှာ<br>၃။ အကွက် - ပစ္စုပ္ပန်အကြောင်းတစ်လွှာ<br>၄။ အကွက် - အနာဂတ်အကျိုးတစ်လွှာ |
| ၄။ အင်္ဂါတစ်ဆယ့်နှစ်ပါး ဆိုသည်မှာ | အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ ဇာတိ၊ ဇရာ၊ မရဏတို့ ဖြစ်ပါသည်။ |
| တရားကိုယ်များနှင့် ဆိုသည်မှာ | အထက်ပါတရားများ အဝိဇ္ဇာအစ ဇရာ မရဏ အဆုံးဖြစ်ပါသည်။ |
| ၅။ သုံးပါးအစပ် ဆိုသည်မှာ | (၁)အကွက်နှင့် (၂)အကွက်ကြား သင်္ခါရနှင့် ဝိညာဏ်အစပ်<br>(၂)အကွက်နှင့် (၃)အကွက်ကြား ဝေဒနာနှင့် တဏှာအစပ်<br>(၃)အကွက်နှင့် (၄)အကွက်ကြား ကမ္မဘဝနှင့် ဇာတိအစပ်တို့ဖြစ်ပါသည်။ |
| နှစ်ရပ်မူလဆိုသည်မှာ | တဏှာ နှင့် အဝိဇ္ဇာ |
| ၆။ ဝဋ်သုံးဝနှင့် ဆိုသည်မှာ | (၁) ကိလေသဝဋ် ၃ - ပါး<br>(၂) ကမ္မဝဋ် ၂ - ပါး<br>(၃) ဝိပါကဝဋ် ၈ - ပါး ဖြစ်သည်။ |
| ကိလေသဝဋ် သုံးပါး ဆိုသည်မှာ | အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် |
| ကမ္မဝဋ် နှစ်ပါး ဆိုသည်မှာ | သင်္ခါရ နှင့် ကမ္မဘဝ |
| ဝိပါကဝဋ် ရှစ်ပါး ဆိုသည်မှာ | ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဇာတိ၊ ဇရာ၊ မရဏ၊ ဥပပတ္တိဘဝ တို့ဖြစ်ပါသည်။ |
| ၇။ ကာလသုံးဖြာ ဆိုသည်မှာ | လွန်လေပြီးသော အတိတ်ကာလ၊<br>ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ၊<br>နောင်ဖြစ်လတ္တံ့သော အနာဂတ်ကာလ၊ |
| ၈။ ခြင်းရာနှစ်ဆယ် ဆိုသည်မှာ | နံပါတ် (၁) အကွက် အတိတ်အကြောင်း အခြင်းအရာ ငါးပါးသည် အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ တို့ဖြစ်သည်။ |

နံပါတ် (၂) အကွက် ပစ္စုပ္ပါန်အကျိုး အခြင်းအရာ
ငါးပါးသည် ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊
ဝေဒနာ၊
နံပါတ် (၃) အကွက် ပစ္စုပ္ပါန် အကြောင်း အခြင်းအရာ
ငါးပါးသည် တဏှာ၊ ဥပါဒါန်၊ ဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရ၊
နံပါတ် (၄) အကွက် အနာဂါတ် အကျိုး အခြင်းအရာ
ငါးပါးသည် ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊
ဝေဒနာ တို့ ဖြစ်၍ တကွက်လျှင် ငါးပါး၊ (၄) ကွက်
ဆိုတော့ ၅x၄ = ၂၀ ဖြစ်ပါသည်။

ဤရှစ်သွယ်ကို၊ အလွယ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်းတည်း။